APIAHF
ASIAN & PACIFIC ISLANDER AMERICAN HEALTH FORUM

ဇန်နဝါရီ 2024
မြန်မာ

# ၂၀၂၃ - ၂၀၂၄
# အသစ်မွမ်းမံထားသော ကိုဗစ်-၁၉ ကာကွယ်ဆေး လမ်းညွှန်ချက်

## ဆောင်းဦးရာသီ ကာကွယ်ဆေး 2023 ခုနှစ်

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင်၊ CDC နှင့် FDA အဖွဲ့တို့သည် နည်းပညာအသစ်ဖြင့် ဖော်ထုတ်ထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးအသစ်ကို ဖြန့်ဝေရန် အတည်ပြုခဲ့သည်။ ၎င်းဖော်ထုတ်ချက်အသစ်သည် အိုမီခရွန် (XBB) မျိုးကွဲမှ ပေါက်ဖွားသက်လာသော ရောဂါပိုးများကို တိုက်ထုတ်ရန် ရည်ရွယ်ပါသည်။ .

ယခင်ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်းနှင့် ရွေးချယ်စရာ အမှတ်တံဆိပ် (Pfizer၊ Moderna၊ Novavax) တို့အပေါ် အခြေခံထားသော သီးခြားအသေးစိတ်အချက်များနှင့် အကြံပြုချက်များအတွက် CDC ဝက်ဘ်ဆိုက် ([cdc.gov](cdc.gov)) တွင် ဝင်ရောက်ကြည့်ရှုပါ။

အာရှတိုက်သား၊ ဟာဝိုင်အီဒေသခံနှင့် ပစိဖိတ် ကျွန်းသူ၊ ကျွန်းသားတို့၏ ဘာသာစကားများဖြင့် ရေးသားထားသော ကိုဗစ်-၁၉ အချက်အလက်များအတွက် www.aa-nhpihealthresponse.org/resources တွင် ဝင်ရောက် လေ့လာပါ။



## လမ်းညွှန်ချက်

လက်ရှိ CDC လမ်းညွှန်ချက်တွင် အောက်ပါအတိုင်းဖော်ပြထားသည်-

- အသက် ၅ နှစ်နှင့် ၅ နှစ်နှင့်အထက် လူတိုင်းသည် ကိုဗစ်-၁၉ ကြောင့် ပြင်းထန်စွာ ဖျားနာမှုမှ ကာကွယ်နိုင်ရန်အတွက် အသစ်မွမ်းမံထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို ၁ ကြိမ်ထိုးနှံသင့်ပါသည်။
- အသက် ၆လ မှ ၄ နှစ်ကြား ကလေးငယ်များသည် အသစ်မွမ်းမံထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို အနည်းဆုံး ၁ကြိမ်မှစ၍ အကြိမ်ရေများစွာ ထိုးနှံရန်လိုအပ်ပါသည်။
- အတန်အသင့် (သို့မဟုတ်) ပြင်းထန်စွာ ကိုယ်ခံအားကျဆင်းသူများသည် အသစ်မွမ်းမံထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို နောက်ထပ်အကြိမ်ရေများစွာ ထိုးနှံနိုင်ပါသည်။

## တည်နေရာများ

- **www.vaccines.gov** ကို ရှာဖွေပေါ
    - အကယ်၍ သင့်တွင် ကျန်းမာရေးအာမခံမရှိလျှင် (သို့မဟုတ်) ကျန်းမာရေးအာမခံ လုံလောက်စွာမရရှိလျှင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို **Bride Access Program** မှတဆင့် အခမဲ့ရရှိနိုင်ပါသည်။
    ကာကွယ်ဆေးထိုးရန် တည်နေရာကို ရှာဖွေရာတွင် သင်ရှာဖွေလိုသည့်နေရာကို ပေးထားသော အကွက်တွင် အမှတ်အသားပြုလုပ်၍ ရှာဖွေပါ။

☑ Bridge Access Program တွင် ပါဝင်မည်
Bridge Access Program အကြောင်း ပိုမိုလေ့လာပါ

★ Bridge Access Program တွင် ပါဝင်သူ

- 1-800-232-0233 သို့ ဖုန်းခေါ်ဆိုပါ
- သင်နေထိုင်ရာမြို့နယ်၏ စာတိုက်အမှတ် (zip code) ကို နံပါတ် ၄၃၈၈၂၉ သို့ စာတိုပေးပို့ပါ။

အမေရိကန်ပြည်ထောင်စု ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာန (HHS) ၏ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာများ (CDC) မှ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် CDC-RFA-IP21-2106 ဖြင့် ဤထုတ်ဝေမှုကို ပံ့ပိုးနိုင်ခဲ့ပါသည်။ ၎င်းတွင်ပါရှိသော အကြောင်းအရာများသည် ရေးသားသူများ၏ တာဝန်သာဖြစ်ပြီး CDC/HHS ၏ တရားဝင်အမြင်များကို ကိုယ်စားပြုခြင်းမရှိပါ။